ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး
ဗဟိုဌာနချုပ်
ကော်သူးလေ
www.knuhq.org

နေ့စွဲ။ ။ မတ်လ (၂၆) ရက်၊ ၂၀၂၀ ခုနှစ်။

## ကိုရိုနာဗိုင်းရပ်စ်ပိုး (COVID 19) ကူးစက်ရောဂါ နှင့် ပတ်သက်၍ ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး၏ သတင်းထုတ်ပြန်ကြေညာချက်

ကိုရိုနာဗိုင်းရပ်စ်ပိုး (COVID 19) သည်အလွန်လျှင်မြန်မှုနှုန်းဖြင့် ကမ္ဘာတဝှမ်းလုံးသို့ ကူးစက်ပြန့်ပွားနေခြင်းနှင့်အတူ ကျွန်ုပ်တို့လူသားမျိုးနွယ်တရပ်လုံးအပေါ်တွင် အလွန်အန္တရာယ်ကြီးမားသည့်ကပ်ဆိုးကြီးတရပ်အဖြစ် သက်ရောက်လာနေပါသည်။ လတ်တလော အချိန်ကာလသည် အရှေ့တောင်အာရှနိုင်ငံများအတွင်းအဆိုပါကပ်ရောဂါ ပျံ့နှံ့ကူးစက်မှုအန္တရာယ် မြင့်မားလာခြင်းနှင့်အတူ နိုင်ငံအများအပြားသည်လည်း ကာကွယ်မှု၊ ကုသမှုများ အထူးဦးစားပေးဆောင်ရွက်နေကြရချိန် ဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization-WHO) မှ လူတစ်ဦးစီတိုင်း၏ တာဝန်သိ၊တာဝန်ယူမှုဖြင့် ထိထိရောက်ရောက် လုပ်ဆောင်နိုင်သည့် လူစုလူဝေးပြုလုပ်ခြင်းများဖြစ်သည့် လူမှုရေးရာလုပ်ငန်းများ၊ ခရီးသွားလာခြင်းများကို အချိန်အကန့်အသတ်တခု သတ်မှတ်ထားရှိလျှက် ရပ်တန့်မှုပြုလုပ်ခြင်းဖြင့် ကာကွယ်လုပ်ဆောင် ကြရန် အကြံပြုတိုက်တွန်းနေချိန်လည်းဖြစ်ပါသည်။

မိမိတို့ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး အနေဖြင့်လည်း ကပ်ရောဂါကာကွယ်မှုအားအမျိုးသားလုံခြုံရေးအဖြစ် သတ်မှတ်ထားရှိလျက် ဦးစားပေးအဆင့်ဖြင့် လုပ်ဆောင်နေပါသည်။ အထူးသဖြင့် အကာအကွယ်မဲ့ဘဝအတွင်းတွင်ရှိနေကြသည့် တိုင်းရင်းသားပြည်သူပြည်သားများနှင့် ဌာနေတိုင်းရင်းသားများကို အထူးဂရုပြုဦးတည်ထားရှိပါသည်။ ကေအဲန်ယူ ၏ ကျန်းမာရေးဌာနမှလည်း ကာကွယ်မှုဆိုင်ရာ လမ်းညွှန်ချက်များကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း (WHO) လမ်းညွှန်ချက်များနှင့်အညီ သက်ဆိုင်ရာ ခရိုင်များ၊ မြို့နယ်များ၊ တပ်မဟာများ၊ တပ်ရင်းများနှင့် တပ်ခွဲများအဆင့်အထိ ထုတ်ပြန်ထားပြီးဖြစ်ပါသည်။

ယင်းညွှန်ကြားမှုတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အကြံပြုချက်များတွင် ထည့်သွင်းပါဝင်သည့် နေရာတခုအတွင်း ရည်ရွယ်ချက်အသီးသီးဖြင့်စုဝေးခြင်းနှင့် လူထုတွေ့ဆုံမှုများအား ယာယီ ရပ်ဆိုင်းခြင်း (Social-distancing)၊ လူအများနှင့် ထိတွေ့ဆက်ဆံခြင်းများကို ရှောင်ရှားသည့် သီးခြားနေထိုင်မှု (Self-isolation) နှင့် ရောဂါကူးစက်ခံရခြင်း ရှိ၊မရှိ သိရှိရန် တကိုယ်ရေ စမ်းသပ်မှု မဖြစ်မနေပြုလုပ်ခြင်း (test individual) တို့ကို အခြေခံ လိုက်နာရန်နှင့် ယုံကြည် စိတ်ချရသည့် ကျန်းမာရေးအခြေအနေပြ စာရင်းဇယားများကို အခြေပြုလျက် ပုံမှန်လုပ်ငန်း ဆောင်ရွက်မှုများ ပြန်လည်ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

ထို့ပြင် လူထုအတွင်း ဗိုင်းရပ်စ်ပိုးပြန့်ပွားခြင်းအား ထိရောက်စွာတားမြစ်ကာကွယ်မှုများ ဆောင် ရွက်ရာတွင် KNU - ကရင်အမျိုးသားအစည်းအရုံးနှင့်သက်ဆိုင်သည့် အပစ်အခတ်ရပ်စဲထား သည့် ဒေသများအတွင်းရှိ ပြည်သူလူထုများနှင့် ဌာနေတိုင်းရင်းသားများ၏ ကျန်းမာရေး ဆိုင်ရာ ပညာပေးရေးနှင့် ကာကွယ်ရေးလုပ်ငန်းများကို NCA အခန်း (၆)၊ အပိုဒ် ၂၅ နှင့်အညီ မိမိတို့ ကရင်အမျိုးသားအစည်းအရုံး၏ ကျန်းမာရေးဌာနနှင့် ညှိနှိုင်းလုပ်ဆောင်ရန်ကိုလည်း အစိုးရအား အထူးတိုက်တွန်းလိုက်ပါသည်။

ကမ္ဘာလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးနှင့် ဗိုင်းရပ်စ်တိုက်ဖျက်ရေးတွင်အတူတကွ ပါဝင်ကြရန် ပြောကြားသော ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်အန်တိုနီယိုဂူတားရက်စ် (United Nations Secretary-General Antonio Guterres)၏ မေတ္တာရပ်ခံချက်ကို KNU - ကရင်အမျိုးသားအစည်းအရုံးအနေဖြင့်လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါသည်။ မြန်မာနိုင်ငံတွင်လည်း ကြိုတင်ကန့်သတ်ချက်မထားသည့် **"တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး"** ကို ကြေငြာ ခြင်းပြုလုပ်ရန်အတွက် အစိုးရ နှင့် တပ်မတော်တို့အား တောင်းဆိုလိုက်ပါသည်။

ဤသို့ပြုလုပ်ခြင်းသည် အကာအကွယ်မဲ့ဘ၀အခြေအနေတွင်ရောက်ရှိနေသော ပြည်တွင်း ပဋိပက္ခဒေသအသီးသီးရှိ ပြည်တွင်းနေရပ်စွန့်ခွာသူများနှင့် ယင်းတို့ကို အထူးတာဝန်ယူနေ ရသည့် အဖွဲ့အစည်းများသည်လည်း ဗိုင်းရပ်စ်ပိုးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးလုပ်ငန်းတွင် ပါဝင်လာနိုင်မည်ဖြစ်သည်။ ထို့အတူ မည်သူ့ကိုမျှ ချန်လှပ်မထားသည့် "အမျိုးသားပြန်လည် သင့်မြတ်ရေး" ကို ဖြစ်ပေါ်စေပြီး မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ်တွင် ကြီးမား သည့် တန်ဖိုးမဖြတ်နိုင်သော ထောက်ကူ ပံ့ပိုးမှုများ ဆောင်ကျဉ်းပေးလာမည် ဖြစ်ပါသည်။

ဆက်သွယ်ရန်-(၁) ပဒိုစောကွယ်ထူးဝင်း (+ ၉၅ ၉၄၂ ၂၁၉ ၁၉၄၁) (+၆၆ ၈၁၈ ၀၇၆၂၇၉)
(၂) ပဒိုစောတာဒိုမူး (+ ၉၅ ၉၇၉ ၅၈၈ ၇၀၈၅) (+၆၆ ၆၄၆ ၄၅၉ ၁၁၃)